**ရပ်ရွာလူထုစွမ်းဆောင်ရည်မြှင့်တင်ရေး ACE စီမံကိန်း**
**<u>၂၀၂၀ နိုင်ဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော မီဒီယာလွှမ်းခြုံမှု အားကောင်းစေခြင်း ဆွေးနွေးပွဲမှ ရရှိလာသော အမေး/အဖြေများ</u>**

**Advancing Community Empowerment:**
**<u>Q&A Session from Strengthening Media Coverage RFA Bidders' Conference on 17 November 2020</u>**

ဤလျှောက်ထားသူများ၏ ဆွေးနွေးပွဲကို အဖွဲ့အစည်း ၁၀ဖွဲ့ တက်ရောက်ခဲ့ပြီး အမေး/အဖြေကဏ္ဍတွင် ၈ဖွဲ့က မေးခွန်းများမေးခဲ့ပြီး ကျန် ၂ဖွဲ့သည် ၎င်းတို့၏မေးခွန်းများကို Email ဖြင့် ပေးပို့ခဲ့ပါသည်။

A total of 10 organizations were represented at the Bidders Conference and 8 organizations raised questions in the Q&A session. Additionally, two other organizations sent questions via email.

**၁) ACE စီမံကိန်းမှာ ကျန်းမာရေး၊ သောက်သုံးရေ နှင့် သန့်ရှင်းရေး (WASH)၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ သဘာဝဘေးအန္တရာယ် နှင့် ဒေသန္တရ အုပ်ချုပ်ရေး တို့ပါဝင်တယ်ဆိုတာ ဟုတ်ပါသလား။ လျှောက်လွှာတင်တဲ့အခါမှာ ACE စီမံကိန်းဒေသအပြင် အခြားကဏ္ဍတွေကိုရောထည့်သွင်းလျှောက်ထားလို့ရပါသလား။**

ဟုတ်ကဲ့ မှန်ပါတယ်၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာ ရှိတဲ့ ACE စီမံကိန်းမှာပါတဲ့ ကဏ္ဍတွေအားလုံးဖြစ်ပါတယ်။ အခြားအကြောင်းအရာတွေကို ရွေးချယ် နိုင်ပါတယ်၊ သို့သော် ACE စီမံကိန်းကနေ ချပြထားတဲ့ အဓိကကဏ္ဍကို ကြည့်ပြီး ဦးစားပေးဆုံးဖတ်သွားမှာပါ။ ဤကဏ္ဍများနှင့် စပ်ဆက်နေသည်ဖြစ်စေ အကျိုးသက်ရောက်မှုရှိတဲ့ကိစ္စတွေက အကျုံးဝင်ပါတယ်။ ဥပမာပြောရရင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာရှိတဲ့ မြေယာမူဝါဒ နှင့် မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်တွင်းနေရပ်ရွှေ့ပြောင်းခြင်း နှင့် ရွှေ့ပြောင်းအလုပ်သမားအကြောင်းအရာတို့ကို ရေးသားသည့် သတင်းမျိုးဖြစ်ပါတယ်။

1) **Can ACE confirm that the project's sectors include health; water, sanitation and hygiene (WASH); education; livelihoods; disaster risk management and governance? Is it possible for proposals to include other sectors outside of ACE's areas?**
   Correct, those are the sectors covered by ACE in southeastern Myanmar. It is possible to report on other broader issues, however Pact will prioritize proposals which focus on ACE's key areas outlined above. Issues relating to and impacting those sectors could be relevant, for example land policy and registration or displacement and migration in southeastern Myanmar.

**၂) ACE စီမံကိန်း မှာပါဝင်တဲ့ ကဏ္ဍအားလုံး (ကျန်းမာရေး၊ WASH, ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ သဘာဝဘေးအန္တရာယ် နှင့် စီမံအုပ်ချုပ်ရေး) ကို လွှမ်းခြုံရေးသားရမှာလား။ ဒါမှမဟုတ် ဒီကဏ္ဍတွေကမှ ကိုယ်ကျွမ်းကျင်ပြီး လုပ်နိုင်တဲ့ ကဏ္ဍကိုရွေးချယ်ပြီး လျှောက်လို့ရပါသလား။**

လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်တွင်တင်ပြထားသည့်အတိုင်း၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ACE စီမံကိန်းကဏ္ဍများဖြစ်သည့် ကျန်းမာရေး၊ WASH၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း၊ သဘာဝဘေးအန္တရာယ် နှင့် စီမံအုပ်ချုပ်ရေး ကို အဓိကထားပြီး လျှောက်ထားသည့် လျှောက်လွှာများကို လက်ခံပါတယ်။ သို့သော်၊ ACE စီမံကိန်းမှာ ပါဝင်သည့် ကဏ္ဍရပ်များအခုတိုင်းကို လွှမ်းခြုံရေးသားစရာမလို့ပါဘူး။ မိမိ အားသာချက်ရှိတဲ့ ကဏ္ဍများကို ရွေးချယ်ပြီးလျှောက်ထားလို့ရပါတယ်။

2) **Do applicants need to cover all of the sectors that ACE works on (health, WASH, education, livelihoods, disaster risk management, governance)? Or, could an applicant pick a few sectors where they are capable and have more knowledge?**
As noted in the RFA, ACE welcomes proposals that focus on ACE's key sectoral areas on health, WASH, education, livelihoods, disaster management, and governance issues in southeastern Myanmar. But applicants do not necessarily need to cover every sector that ACE works in, and applicants can focus on sectors based on their competence and experience.

**၃) ကျွန်တော်တို့က မီဒီယာအဖွဲ့အစည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ အဓိကလုပ်ဆောင်တာက ကွင်းဆင်းမယ်၊ ဆောင်းပါးရေးမယ်၊ ဆွေးနွေးပွဲတွေလုပ်ကြပါတယ်။ ကျွန်တော်တို့က သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမလုပ်တဲ့အခါကြတော့ ကျွန်တော်တို့ လျှောက်လိုက်တဲ့ လုပ်ငန်းဆောင်တာကုန်ကျစရိတ်တွေက နည်းပါလိမ့်မယ်။ အချို့အလှူရှင်တွေရဲ့ လိုအပ်ချက်တွေဆိုရင် ဝန်ထမ်းကုန်ကျစရိတ်နဲ့လုပ်ငန်းဆောင်တာကုန်ကျစရိတ်တွေအတွက်အချိုးအစားတစ်ခုရှိတတ်ပါတယ်။ ပက်အဖွဲ့အစည်း အနေနဲ့ရော ဘာတွေလိုအပ်ပါသလဲ?**
ပက် အနေနဲ့တော့ ကုန်ကျစရိတ်အချိုးအစားသတ်မှတ်ချက်မရှိပါဘူး၊ လျှောက်လွှာတင်သွင်းသူနေနဲ့တော့ မိမိသုံးမဲ့ အသုံးစရိတ်တွေကို ဘတ်ဂျက်မှာ တတ်နိုင်သမျှမှန်မှန်ကန်ကန် ထည့်သွင်းလျှောက်ထားဖို့တိုက်တွန်းလိုပါတယ်။ တင်ပြလာတဲ့ ကုန်ကျစရိတ်ကို သင့်တင့်လျောက်ပတ်ခြင်း၊ ခွဲဝေနိုင်ခြင်း၊ ခွင့်ပြုနိုင်ခြင်း၊ ကုန်ကျစရိတ်ထိရောက်ခြင်း၊ မှန်ကန်မှု နှင့် ငွေကြေးအရ ဖြစ်နိုင်ခြေ ရှိမရှိ တို့ကို ကြည့်ပြီး ဆုံးဖြတ်ချက်ချသွားမှာဖြစ်ပါတယ်။

3) **As we are a media group, our main activities are going to the field, reporting and holding debates. As we do not do trainings or workshops, our activity costs might be low. Some donors require a specific ratio between personnel and other costs. What does Pact require?**
Pact does not have a specific cost ratio requirement and applicants should represent their projected costs as accurately as possible in the budget. The cost application will be evaluated for reasonableness, allocability, allowability, cost effectiveness, realism, and financial feasibility.

**၄) ကျွန်တော်တို့အဖွဲ့အစည်းကတော့ လူထုအခြေပြုအဖွဲ့ဖြစ်ပါတယ် ကြားနေ ညှိနှိုင်းဆွေးနွေးမှုကိစ္စရပ်များကို အဓိကထား လုပ်ဆောင်နေပါတယ်။ အဓိကလုပ်ဆောင်နေတဲ့ကိစ္စတွေကတော့ ကျား-မ အခြေပြု အကြမ်းဖက်မှု၊ အမျိုးသမီးများအပေါ်အိမ်တွင်း အကြမ်းဖက်မှု နှင့် လယ်ယာမြေကိစ္စတို့တွင် ပါဝင်လှုပ်ရှားနေတဲ့အဖွဲ့ဖြစ်ပါတယ်။ မီဒီယာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အဖွဲ့အနေနဲ့ ပထမဦးဆုံးလာရောက် လေ့လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းတွေလုပ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ လျှောက်ထားလို့ရမလားဆိုတာကို သိလိုပါတယ်။**
မီဒီယာလွှမ်းခြုံမှု အားကောင်းစေခြင်း လျှောက်လွှာမှာဖော်ပြထားတဲ့အတိုင်း ACE ကဏ္ဍတွေနဲ့ပတ်သက်ပြီး မီဒီယာလွှမ်းခြုံမှု အားကောင်းလာစေနိုင်တဲ့ လုပ်ငန်းဆောင်တာတွေကို မြန်မာပြည်တွင်း ရှိ မီဒီယာအဖွဲ့အစည်း သို့မဟုတ် ထိုင်း-မြန်မာနယ်စပ်ရှိ မီဒီယာအဖွဲ့အစည်းတွေအတွက်ရည်ရွယ်ထားတာဖြစ်ပါတယ်။

4) **We are a grassroots organization working on mediation and negotiation issues. Most of the cases that we manage are gender-based violence, domestic abuse against women and land disputes. This is the first time we are exploring the possibility of applying for funding related to media. Since we are working on mediation issues, will it be feasible for us to apply?**
The RFA for strengthening media coverage states the preference for local Myanmar-based organizations or media organizations based along the Thai-Myanmar border which focus on activities that strengthen media coverage of ACE sectors.

**၅) ကျွန်မတို့အဖွဲ့အစည်းကတော့ မြဝတီမြို့ပေါ်မှာ အခြေစိုက်ပြီး အမျိုးသမီး နှင့် ကလေးငယ် အပေါ်အကြမ်းဖက်မှု ကိစ္စရပ်များကို လုပ်ဆောင်နေတဲ့အဖွဲ့အစည်း ဖြစ်ပါတယ်။ ကျန်းမာရေး နှင့် ပညာရေးနဲ့ ပတ်သက်ပြီး ဆောင်းပါးတွေရေးဖို့ စိတ်ဝင်စားပါတယ်။ ACE စီမံကိန်းကို မေးခွန်းမေးစရာရှိခဲ့ရင် ဘယ်ကိုဆက်သွယ်လိုပါသလဲရှင့်။**

ACE စီမံကိန်းကို ဆက်သွယ်နိုင်တဲ့ အကောင်းဆုံးနည်းလမ်းကတော့ email ပဲဖြစ်ပါတယ်။ မေးခွန်းတွေရှိခဲ့ရင် myanmargrants@pactworld.org ကို ပို့မေးလို့ရပါတယ်။ မေးခွန်းတွေကို ၂၀၂၀ နိုင်ဝင်ဘာလ ၂၁နေ့ မတိုင်မှီ ပို့ပေးနိုင်ပြီး၊ လျှောက်လွှာများကိုတော့ ၂၀၂၀ ဒီဇင်ဘာလ ၈ နေ့ နောက်ဆုံးထားပြီး လျှောက်နိုင်ပါတယ်။

5) **Our organization works with women and children and on domestic violence issues in Myawaddy. We are interested in exploring the possibility of applying in order to report on health and education issues. What is the best way to contact ACE with follow up questions?**
The best way to contact ACE is via email, so please submit any questions to myanmargrants@pactworld.org. The deadline for questions is November 21, 2020. The closing date for submitting proposals is December 8, 2020.

**၆) ကျွန်မတို့အဖွဲ့အစည်းကတော့ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှာ အခြေစိုက်ပါတယ်။ မြန်မာနိုင်မှာ ရှိတဲ့ အဖွဲ့အစည်း နဲ့ ပူးပေါင်းပြီး အတူအလုပ်လုပ်လို့ရမလား။ ကျွန်မတို့ ပူးတွဲလျှောက်လွှာတင်လို့ရမလားရှင်။**

**ACE** စီမံကိန်းအနေနဲ့တော့ ပူးတွဲလျှောက်လွှာကိုတော့ အားမပေးပါဘူးခင်ဗျာ။ ထောက်ပံ့ငွေကို လျှောက်လွှာတင်တဲ့အဖွဲ့အစည်းကို တိုက်ရိုက် ပေးမှာဖြစ်ပါတယ်။ လိုအပ်ပါက လျှောက်လွှာတွင်ပါရှိသော လုပ်ဆောင်မည့် လုပ်ငန်းဆောင်တာအတွက် အခြားအဖွဲ့အစည်းတစ်ခုကို ငှားရမ်းဖို့လိုအပ်တယ်ဆိုပြီး တင်သွင်းလျှောက်ထားနိုင်ပါတယ်။

6) **We are an organization based in Mae Sot, Thailand. Is it possible for us to collaborate with another organization based in Myanmar? Can we submit a joint proposal?**
ACE does not recommend the submission of joint proposals; funding will be provided directly to selected individual applicant organizations. Applicants may propose to hire another organization to conduct a service on a contract basis if relevant.

**၇) ထိခိုက်လွယ်တဲ့ကိစ္စတွေကို သတင်းရေးမယ်ဆိုရင် မြန်မာနိုင်ငံမှာ အန္တရာယ်ရှိနိုင်ပါတယ်။ ဥပမာပြောရရင် လက်နက်ကိုင်ပဋိပက္ခကိစ္စတွေ ဒါမှမဟုတ် လယ်ယာမြေသိမ်းဆည်းတဲ့ကိစ္စတွေပေါ့။ ဒီထောက်ပံ့ကြေးငွေရရှိတဲ့ အဖွဲ့အစည်းကသတင်းထောက်တစ်ဦးဦးက ဒီလိုကိစ္စရပ်တွေကို ရေးဖို့လိုအပ်ခဲ့မယ်ဆိုရင် သူ့အတွက် ဘာအကာအကွယ်ရနိုင်မလဲ။ အချက်အလက် စစ်ဆေးမဲ့ လုပ်ငန်းစဉ်ကို ပက်အဖွဲ့အစည်းကကူညီပံ့ပိုးမလားရှင့်။**

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း မှာ ဆိုရင်တော့ သတင်းစာနယ်ဇင်းနဲ့ပတ်သက်လာရင် ထိခိုက်လွယ်တာအများကြီးရှိပါတယ်။ အဲ့တာကြောင့်မို့လို့ ACE စီမံကိန်းနေ လုပ်နိုင်ရည်ရှိတဲ့ မီဒီယာအဖွဲ့အစည်းတွေကို ဖိတ်ခေါ်ပါတယ်၊ သူတို့မှာ ဒီကိစ္စတွေနဲ့ ပတ်သက်လာရင် လုပ်သက်ရင့်တဲ့ သတင်းထောက်တွေရှိပါတယ်။ သတင်းရေးရတာရိုးရိုးလေးဆိုပေမဲ့၊ အန္တရာယ်တွေဖြစ်ပေါ်စေနိုင်မဲ့ သတင်းရေးတာနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိတဲ့ အဖွဲ့အစည်းတွေလာလျှောက်မယ်ဆိုရင် အားမပေးလိုပါဘူး။ ဒီကဏ္ဍတွေကလည်း အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာဆိုရင် ထိလွယ်ရှလွယ်ထိခိုက်လွယ်တတ်ပါတယ်

ဒါကြောင့်ထောက်ပံ့ငွေရရှိသူရဲ့အပေါ်မှာတာဝန်များပါတယ်။ ACE စီမံကိန်းအနေနဲ့ လုပ်နိုင်စွမ်းရှိကာ မီဒီယာကျင့်ဝတ်ကိုစောင့်ထိန်းပြီး မျှတတဲ့ သတင်းရေးထုတ်မှုကို လုပ်ဆောင်နိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ အတူတူအလုပ်လုပ်လိုပါတယ်။

နောက်တစ်ခုက လျှောက်လွှာများခေါ်ယူခြင်းအစီအစဉ်မှာဖော်ပြထားတဲ့အတိုင်း ACE စီမံကိန်းက မီဒီယာနည်းပညာသင်တန်းတွေပေးမှာမဟုတ်ပါဘူး၊ မီဒီယာအတွက် စွမ်းရည်မြှင့်တင်ပေးတာလည်းမဟုတ်ပါဘူး။

7) **There are risks of reporting on sensitive issues in Myanmar, for example conflict or land grabbing. Will there be any protections for participants to whom reporters might need to ask sensitive questions? Would ACE support any mechanisms for proper fact checking?**
There are lots of sensitivities related to journalism in southeastern Myanmar. For that reason, ACE is seeking capable media partners that employ experienced journalists who are cognizant of the potential risks involved. We do not necessarily want to encourage organizations who are not familiar with the risks of reporting articles on issues, even if they seem straight forward. Even these sectors can be quite political and sensitive especially in the southeast, so a lot of that responsibility would fall on the shoulders of the grantee. ACE seeks to work with partners that are capable, adhere to ethical standards of reporting, and are able to provide balanced and fair reporting on issues.

Please note that ACE does not plan to provide significant media technical assistance from Pact as this RFA is not specifically focused on capacity building project for media.

**၈) ကျွန်တော်တို့ကတော့ မွန်ပြည်နယ် အခြေစိုက် မီဒီယာအဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ရုံးအနေနဲ့ အခြားမီဒီယာမိတ်ဖက်အဖွဲ့အစည်း နဲ့ဆက်လက်တွဲလုပ်လို့ရမလား။ လျှောက်လွှာတင်တာတော့ ဒီ ဘတ်ဂျက်ဆွဲတာ၊ သတင်းရေးတာ၊ ပြန်လည်သုံးသပ်တာတို့က ကျွန်တော်တို့အဖွဲ့အစည်းကနေလာမှာဖြစ်ပြီး သတင်းသွားယူရင်တော့ ကျွန်တော်တို့ရဲ့မိတ်ဖက်မီဒီယာ အဖွဲ့အစည်းကနေသွားယူမှာဖြစ်ပါတယ်။ ဒီလိုမျိုးလုပ်မယ်ဆိုရင် ကျွန်တော်တို့ လျှောက်လို့ရမလားခင်ဗျ။**
လျှောက်လွှာများခေါ်ယူခြင်းအစီအစဉ်မှာဖော်ပြထားတဲ့အတိုင်း အစိုးရမဟုတ်သောပြည်တွင်းအဖွဲ့အစည်းများ  မီဒီယာအဖွဲ့အစည်းများ အမေရိကန်ပြည်ထောင်စုမှာအခြေစိုက်မဟုတ်တဲ့အဖွဲ့အစည်းများ အားလုံးလျှောက်ထားလို့ရပါတယ်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကိစ္စရပ်တွေကို သတင်းရေးပေးနိုင်မဲ့  မြန်မာပြည်အခြေစိုက် သို့မဟုတ် ထိုင်း-မြန်မာနယ်စပ် အခြေစိုက်မီဒီယာအဖွဲ့အစည်း ကိုပိုလျှောက်စေလိုပါတယ်။  ဒီ လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာဆိုရင်တော့ ပူးတွဲလျှောက်လွှာတင်ခြင်းကို အားမပေးပါဘူးခင်ဗျ။

8) **We are a media organization with an office in Mon. Is it possible for our Mon office to collaborate with another media group that we have worked with before? The proposal would come from our organization, such as budgeting, reporting, and monitoring, however collecting the information would be done by our media partner.  Is it possible for us to apply if we were to work in the field like this?**
This RFA is open to any non-governmental organization or media company that is not established in the United States, with preference for local Myanmar-based organizations or media organizations based along the Thai-Myanmar border covering southeastern Myanmar.  Joint proposals are not encouraged under this RFA.

**၉) ကျွန်တော်တို့ကတော့ နည်းပညာကုမ္ပဏီပါ အများပြည်သူသိဖို့ အချက်အလက်တွေ၊ သတင်းမှန်ကန်မှုရှိမရှိတွေကို စစ်ဆေးတာတွေကို စိတ်ဝင်စားပါတယ်။ ဒီလျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာ ကျွန်တော်တို့ အနေနဲ့ သတင်းအမှားများပြန့်ပွားမှုနည်းအောင် သတင်းအချက်အလက်များကို စစ်ဆေးဖို့ကဏ္ဍမှာ ပါဝင်လျှောက်ထားလို့ရမလားခင်ဗျာ။ တကယ်လို့ တိုင်းရင်းသားဘာသာစကားကို ပါထည့်သွင်းစဉ်းစားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ လျှောက်လွှာကပိုပြီး အားကောင်းနိုင်မလား။**

ACE စီမံကိန်းကတော့ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှာရှိတဲ့ ထိခိုက်လွယ်တဲ့လူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ သဘာဝဘေးစီမံရေး နှင့် ဒေသန္တရအုပ်ချုပ်ရေး စတဲ့ ကဏ္ဍများနဲ့ပတ်သက်တဲ့ သတင်းများကို ပိုမိုအားကောင်းစေတဲ့ လုပ်ငန်းဆောင်တာတွေကို ထောက်ပံ့သွားဖို့ဖြစ်ပါတယ်။ ဒါကြောင့် ACE စီမံကိန်းရဲ့ လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ် မှာ ဖော်ပြထားတဲ့ အဓိကကဏ္ဍများနှင့် ဆိုင်တဲ့ လျှောက်လွှာများကို ပိုမိုအားပေးပါတယ်။ ပက်အဖွဲ့အစည်းအနေနဲ့ လျှောက်ထားတဲ့ အဖွဲ့အစည်းတွေက သတင်းအချက်အလက်များကို စစ်ဆေးပြီး သတင်းရေးတဲ့အခါ မှန်ကန်၊ ညီမျှ ပြီး မီဒီယာကျင့်ဝတ်ကိုစောင့်ထိန်းတဲ့ သတင်းစာနယ်ဇင်းဖြစ်မယ်လို့ မျှော်မှန်းထားပါတယ်။

9) **We are a technology company that is interested in conducting fact checking for public information. Is it possible for us to apply for this RFA and focus on reducing misinformation through fact checking? If we focus on ethnic languages, is there a possibility that it might strengthen our application?**
ACE is seeking to fund activities that strengthen media coverage of issues affecting vulnerable communities in southeastern Myanmar with a focus on reporting on health, education, livelihoods, disaster management, and governance issues. ACE has a preference for proposals that relate to the key sectors mentioned in the RFA. Pact would expect applicants to be able to conduct fact checking to ensure news stories produced are accurate, balanced, and follow ethical standards in journalism.

**၁၀) ကျွန်မတို့အဖွဲ့အစည်းကတော့ ပဲခူးတိုင်းဒေသကြီးမှာ အခြေစိုက်ပါတယ်။ ကျွန်မတို့ကတော့ မီဒီယာစောင့်ကြည့်ရေးလုပ်ငန်းဆောင်တာတွေဖြစ်တဲ့ အမုန်းစကား၊ သတင်းအမှားများ ကို အထူးသဖြင့် Facebook ပေါ်မှာ စောင့်ကြည့်လေ့လာတဲ့အလုပ်ကိုလက်ရှိလုပ်နေပါတယ်။ ကျွန်မတို့က မီဒီယာအဖွဲ့အစည်းတွေနဲ့ အတူတူအလုပ်လုပ်ပါတယ်၊ ဒီ လေ့လာစောင့်ကြည့်မှုကနေရတဲ့ အဖြေတွေကို မီဒီယာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး သတင်းအမှန်ကို လူထုတွေဆီပြန်ချပြပါတယ်။ ကျွန်မတို့က လူထုတွေ မီဒီယာသတင်း ဗဟုသုတကြွယ်ဝဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး လူထုတွေရဲ့အသံတွေကို အများသိစေဖို့အတွက် ဗွီဒီယိုအတိုလေးတွေရိုက်ပြီး မျှဝေဖို့ရှိပါတယ်။ ကျွန်မပြောသွားတဲ့လုပ်ငန်းဆောင်တာတွေက အကျုံးဝင်ပါသလား။ လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာတော့ အရှေ့ပဲခူး ပဲ ပါပါတတယ်၊ ကျွန်မတို့ ပဲခူးတိုင်းတစ်ခုလုံးအတွက် လုပ်လို့ရပါသလား။**

ACE စီမံကိန်းအနေနဲ့တော့ ဆရာမတို့အဖွဲ့အစည်းလုပ်မဲ့ လုပ်ငန်းဆောင်တာတွေနဲ့ လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာ ထည့်သွင်းထားတဲ့ ကဏ္ဍတွေနဲ့ ချိတ်ဆက်ပြီး လျှောက်ထားစေလိုပါတယ်။ အောင်မြင်သွားတဲ့ လျှောက်ထားသူအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ACE စီမံကိန်းမှာပါတဲ့ ကဏ္ဍတွေကို သတင်းအားဖြင့် အားကောင်းအောင်လုပ်နိုင်တဲ့ လုပ်ငန်းဆောင်တာတွေအပြင် အခြား ကျယ်ပြန့်တဲ့ ကဏ္ဍတွေကိုပါ ထည့်သွင်းရေးသားလို့ရပါတယ်။ ACE စီမံကိန်းဒေသတွေကတော့ ကရင်၊ ကယား၊ မွန် နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တနင်္သာရီမြောက်ပိုင်းနှင့် ပဲခူးတိုင်းအရှေ့ပိုင်းတို့ဖြစ်ပါတယ်။

**10) Our organization is based in Bago Region, and we are working on media monitoring activities for hate speech, disinformation and misinformation – especially on Facebook. We work with media groups to share our findings from the media monitoring, for example launching a seminar for local people to disseminate accurate information. We are planning to educate local people on media literacy, and also shoot short videos from local people to raise their voices. Are these eligible activities? Also, the RFA mentions east Bago, but could we apply to work across all of Bago?**

ACE would encourage your organization to clearly link your proposed ideas to the priorities listed in the RFA. Successful applications will include activities that will strengthen media coverage relating to ACE key sector focus or other broader issues in southeastern Myanmar. For ACE, the geographic focus is on Kayah, Kayin, Mon and southern Shan states, as well as northern Tanintharyi and eastern Bago regions.

**၁၁) ကျွန်မတို့အဖွဲ့အစည်းက စောင့်ကြည့်လေ့လာ၊ သုံးသပ် သင်ယူမှု (Monitoring, Evaluation and Learning) အပိုင်းမှာ သိပ်ပြီး အတွေ့အကြုံမှုရှိပါဘူး။ ကျွန်မတို့လျှောက်ထားတဲ့အချိန်မှာ MEL နဲ့ တိုင်းတာမှုတွေကို လမ်းညွှန်ပေးမှုရှိပါသလား။**

လျှောက်ထားသူအတွက်တော့ MEL အစီအစဉ်ကို အကောင်းဆုံးရေးသားပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ မိမိအဖွဲ့အစည်းက MEL မှာ အားနည်းတယ်ဆိုရင် မိမိဝန်ထမ်းတွေအတွက် MEL ပိုမိုအားကောင်းလာစေဖို့အတွက် ဝန်ဆောင်မှုအဖိုးအခတွေကို ပါထည့်သွင်းလျှောက်ထားလို့ရပါတယ်။ လျှောက်ထားသူအဖွဲ့အစည်းက လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာ ရွေးချယ်ခံလိုက်ရပြီဆိုရင် ပက်အဖွဲ့အစည်း အနေနဲ့ ညှိနှိုင်းမှုတွေလုပ်တဲ့အခါကြရင် ကောင်းမွန်တိကျတဲ့ MEL ရှိလာဖို့ ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။

**11) Our organization does not have much experience in Monitoring, Evaluation, and Learning (MEL). When we apply for the grant, will there by guidance on MEL and indicators during the negotiation process?**

Applicants should do their best to develop a MEL plan for the proposed project. For organizations that identify as weaker in MEL, they could include the costs of the MEL staff or a service to provide technical support. Applicants that are shortlisted for this RFA will be supported by Pact during the proposal negotiation process to develop a clear MEL framework.

**၁၂) ဤ လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်မှာ "non-profit" "ကိုယ်ကျိုးစီးပွားအတွက်မဟုတ်" သည့် အဖွဲ့အစည်းတွေလျှောက်ထားနိုင်ပါတယ်လို့ရေးထားပါတယ်။ ကျွန်တော်တို့အဖွဲ့အစည်းက ဖက်စပ်အဖွဲ့အစည်းလိုဖြစ်နေပါတယ်၊ မြန်မာနိုင်ငံမှာ မီဒီယာကုမ္ပဏီအနေနဲ့ မှတ်ပုံတင်ထားပါတယ်၊ အခြားအလှူရှင်အဖွဲ့အစည်းမှထောက်ပံ့ငွေ၊ ကြော်ငြာမှရတဲ့ ငွေနဲ့လည်ပတ်နေပါတယ်။ ထိုင်းနိုင်ငံမှာတော့ "non-profit" "ကိုယ်ကျိုးစီးပွားအတွက်မဟုတ်"တဲ့အဖွဲ့အစည်း ဖြင့် မှတ်ပုံတင်ထားပါတယ်။ သတင်းရေးရာ လုပ်ငန်းဆောင်တာအတွက် အလှူငွေများဖြင့် လည်ပတ်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှ မီဒီယာကုမ္ပဏီအဖြစ်လျှောက်သင့်သလား ဒါမှမဟုတ် ထိုင်းနိုင်ငံမှ အဖွဲ့အစည်းအဖြစ်လျှောက်သင့်ပါသလား။**

ဒီအစီအစဉ်မှာတော့ အမေရိကန်ပြည်ထောင်စုအခြေစိုက်မဟုတ်သည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်း နှင့် မီဒီယာကုမ္ပဏီမှန်သမျှလျှောက်ထားနိုင်ပါတယ်။ မြန်မာနိုင်ငံအခြေစိုက် အဖွဲ့အစည်း သို့မဟုတ် ထိုင်း-မြန်မာနယ်စပ်မှာ အခြေစိုက်သည့်မီဒီယာအဖွဲ့အစည်းများလျှောက်ထားခြင်းကိုပိုလိုလားပါတယ်။ USAID အဖွဲ့အစည်းမှပေးသည့် ထောက်ပံ့ကြေးငွေဖြစ်သောကြောင့် လျှောက်ထားသူက အကျိုးအမြတ်တစ်စုံတစ်ရာအတွက် တောင်းလို့မရပါဘူး။

ကိုယ်ကျိုးမဖက်တဲ့အဖွဲ့အစည်းများလျှောက်နိုင်ပါတယ်။ အကျိုးအမြတ်အတွက်အလုပ်လုပ်နေသည့်အဖွဲ့အစည်းများလည်း လျှောက်ထားနိုင်ပါတယ် သို့သော် ACE မှထောက်ပံ့သည့် လုပ်ငန်းဆောင်တာများအပေါ် အကျိုးအမြတ်ယူခြင်းကို လက်လွှတ်နိုင်ခဲ့လျှင် လျှောက်ထားနိုင်ပါတယ်။

12) **The RFA states that organizations defined as 'non-profit' may apply. Our organization has a hybrid structure; it is registered as a media production company in Myanmar, which raises funds among institutional donors and generates some commercial income with advertisements to cover the operational costs, but it is also registered as non-profit foundation in Thailand, raising funds to cover journalistic activities as well. Should we apply via our multimedia group in (Myanmar) or as an association in (Thailand)?**
This competition is open to any non-governmental organization or media company that is not established in the United States, with preference for local Myanmar-based organizations or media organizations based along the Thai-Myanmar border. Under USAID assistance awards, applicants are not allowed to charge a profit. Non-profit entities may apply and for-profit entities may apply if they are willing to forego a profit on activities funded through ACE.

**၁၃) ကျွန်တော်တို့ မီဒီယာ အဖွဲ့အစည်းကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ မှာအခြေစိုက်ပါတယ်။ မီဒီယာလွှမ်းခြုံမှု အားကောင်းစေခြင်း လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ် ဆွေးနွေးပွဲကို နောက်ထပ်လုပ်ဖို့ရှိပါသေးသလား။ ပြီးခဲ့တဲ့ဆွေးနွေးပွဲကို မလာနိုင်တဲ့အတွက် ACE အဖွဲ့ ကို ဘယ်လိုဆက်သွယ်နိုင်လို့ရပါသလဲ။**
လျှောက်လွှာများခေါ်ယူခြင်း အစီအစဉ်တွင် ဖော်ပြထားသည့်အတိုင်း ဤဆွေးနွေးပွဲကို တစ်ခါပဲပြုလုပ်မှာဖြစ်ပါတယ်။ ACE စီမံကိန်းကို ဆက်သွယ်လိုပါက email ဖြင့်သာအကြောင်းဆုံးဖြစ်ပါတယ်။ မေးခွန်းများရှိပါက myanmargrants@pactworld.org ဆီပို့လို့ရပါတယ်။ မေးခွန်းများရဲ့ နောက်ဆုံး လက်ခံတဲ့နေ့ကတော့ ၂၀၂၀ နိုဝင်ဘာလ ၂၁ ရက်နေ့ဖြစ်ပြီး။ လျှောက်လွှာများကိုတော့ ၂၀၂၀ ဒီဇင်ဘာလ ၈ ရက်နေ့ကိုနောက်ဆုံးထားပြီးပို့ပေးလို့ရပါတယ်။

13) **Our media agency is based in Mawlamyine, Mon State. Will there be another virtual Bidders Conference on the Strengthening Media Coverage RFA? As we missed the conference, could you tell us the best way to contact the ACE team?**
As stated in the RFA, there is only one bidder's conference scheduled. The best way to contact ACE is via email, so please submit any questions to myanmargrants@pactworld.org. The deadline for questions is November 21, 2020. The closing date for submitting proposals is December 8, 2020.